**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ**

**ကျန်းမာရေးဌာန**

**ဌာနခွဲ (၄)**

**(၁၉၆၂ ခုနှစ်၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းဆိုင်ရာ နည်းဥပဒေများ။)**

**အမှတ် ၅၈၀။**

**ရန်ကုန်မြို့၊ ၁၃၂၄ ခု၊ ဝါခေါင်လဆန်း ၁ ရက်။**

**(၁၉၆၂ ခု၊ ဩဂုတ်လ ၁ ရက်။)**

**[ ပြင်ဆင် : 27.06.1963 ]**

အမှတ် ၅၈၀။ ။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၁၆-က (၄) ဖြင့် အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

**၁၉၆၂ ခုနှစ်၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းဆိုင်ရာ နည်းဥပဒေများ။**

၁။ ။ ဤနည်းဥပဒေများကို၊ **၁၉၆၂ ခုနှစ်၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းဆိုင်ရာ နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ ။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက် စော၍ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ်ရပြီးသူများသည်၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်၊ ဤနည်းဥပဒေများစတင်အာဏာတည်သည့်နေ့ရက်မှစ၍၊ ရန်ကုန်မြို့တွင် နေထိုင်သူများ အတွက်၊ ရက်ပေါင်း ၆၀ အတွင်းငှင်း၊ အခြားဒေသများတွင် နေထိုင်သူများအတွက်၊ ရက်ပေါင်း ၁၂၀ အတွင်းငှင်း ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံအမှတ် ၁ ဖြင့် ကျန်းမာရေးဌာန ညွှန်ကြားရေး ဝန်ထံသို့ လျှောက်ထားရမည်။

၃။ ။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ရက်နေ့ထက်နောက်ကျ၍ အောင်လက်မှတ်ရသူများအနက်၊ ကျန်းမာ ရေးဌာနက အသိအမှတ်ပြုသည့်-

(၁) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သို့တည်းမဟုတ်

(၂) ရန်ကုန်ဒပ်ဖရင်သားဖွါးဆေးရုံကြီး၊ သို့တည်းမဟုတ်

(၃) မန္တလေးပြည်သူ့ဆေးရုံကြီး၊ သို့တည်းမဟုတ်

(၄) တပ်မတော်စစ်ဆေးရုံကြီး၊ မင်္ဂလာဒုံ၊ သို့တည်းမဟုတ်

(၅) မေမြို့၊ အခြေချစစ်ဆေးရုံ၊ သို့တည်းမဟုတ်

(၆) တောင်ကြီးစဝ်စံထွန်းဆေးရုံ တွင် အနည်းဆုံးတနှစ်မျှ လက်တွေ့သင်ကြားပြီးသူများသည်၊ မည် သည့်ဆေးရုံကြီးတွင် လက်တွေ့သင်ကြားပြီးသည်ကို သက်သေအထောက်အထား လုံလောက်စွာ တင်ပြ ပြီးလျှင်၊ ဆရာဝန်အမည်စာရင်း၌



Myanmar Law Information System (MLIS)

အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ဤနည်းဥပဒေ များ စတင်အာဏာတည်သည့် နေ့ရက်မှစ၍ ရန်ကုန်မြို့တွင် နေထိုင်သူများအတွက် ရက်ပေါင်း၆ဝ အတွင်း ၎င်း၊ အခြားဒေသများတွင် နေထိုင်သူများအတွက် ရက်ပေါင်း ၁၂ဝ အတွင်း၎င်း၊ ဤနည်းဥပဒေ များ၏ နောက်ဆက်တွဲပါပုံစံ အမှတ် ၁ ဖြင့် ကျန်းမာရေးဌာနခွဲ၊ ညွှန်ကြားရေးဝန်ထံသို့ လျှောက် ထားရမည်။

<ပြင်ဆင် 27.06.1963>

၄။ ။ (၁) နည်းဥပဒေ ၃ တွင် ဖော်ပြထားသည့်အတိုင်းလက်တွေ့သင်ကြားမှုမခံယူရသေးသော ၁၉၆ဝ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်နောက်ကျ၍ အောင်လက်မှတ်ရရှိသူများသည်၊ ဤနည်းဥပဒေများ စတင်အာဏာတည်သည့်နေ့ရက်မှစ၍၊ ရန်ကုန်မြို့အတွင်းနေထိုင်သူများအတွက်၊ ရက်ပေါင်း ၃ဝ အတွင်း၎င်း၊ အခြားဒေသများတွင်နေထိုင်သူများအတွက်၊ ရက်ပေါင်း ၆ဝ အတွင်း၎င်း၊ လက်တွေ့ သင်ကြားမှုမခံယူရသေးကြောင်း၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ထံသို့ အကြောင်းကြားရမည်။

(၂) ဤနည်းဥပဒေများ စတင်အာဏာတည်သည့် နေ့ရက်နောက်တွင် အောင်မြင်သူများသည်၊ သက်ဆိုင်ရာ တက္ကသိုလ်ကအောင်စာရင်းများ ကြေညာပြီးသည့်နောက်၊ ရက်ပေါင်း ၃ဝ အတွင်း၊ မိမိတို့ အောင်မြင်ကြောင်း၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ထံသို့ အကြောင်းကြားရမည်။

(၃) ကျန်းမာရေးဌာနခွဲ၊ ညွှန်ကြားရေးဝန်သည်၊ နည်းဥပဒေ ၃တွင် ဖော်ပြထားသည့် ဆေးရုံကြီးတခုခု တွင် လက်တွေ့သင်ကြားမှု မခံယူရသေးကြောင်း အကြောင်းကြားစာများ ရရှိလျှင် ထိုသို့ ရရှိသည့်နေ့ ရက်မှစ၍ ရက်ပေါင်း၃ဝအတွင်း တက္ကသိုလ်များမှ ရရှိသည့်အောင်စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေး ကြည့်ရှုပြီးလျှင်၊ အကြောင်းကြားစာပေးပို့သည့်သူ အသီးသီးထံသို့ အောက်ဖော်ပြရာပါ ဆေးရုံတခုခု၌ တနှစ်လက်တွေ့ သင်ကြားရန် ညွှန်ကြားစာပေး ပို့ရမည်။

(၁) ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

(၂) ရန်ကုန်ဒပ်ဖရင်သားဖွါးဆေးရုံကြီး။

(၃) မန္တလေးပြည်သူ့ဆေးရုံကြီး။

(၄) တပ်မတော်စစ်ဆေးရုံကြီး၊ မင်္ဂလာဒုံ။

(၅) မေမြို့၊ အခြေချစစ်ဆေးရုံ။

(၆) တောင်ကြီးစဝ်စံထွန်းဆေးရုံ။

<ပြင်ဆင် 27.06.1963>

(၄) ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်က ညွှန်ကြားသည့်အတိုင်း၊ ဆေးရုံတခုခုတွင် လက်တွေ့ သင်ကြားပြီးသူများသည်၊ ယင်းသို့သင်ကြားပြီးသည့် နေ့ရက်မှစ၍၊ ရန်ကုန်မြို့တွင် နေထိုင်သူများ အတွက်၊ ရက်ပေါင်း ၃ဝ အတွင်း၎င်း၊ အခြားဒေသများတွင်နေထိုင်သူများအတွက်၊ ရက်ပေါင်း ၆ဝ အတွင်း၎င်း၊ မိမိတို့၏ အမည်ကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လက်တွေ့သင်ကြားပြီးကြောင်း ထောက်ခံချက်များနှင့်တကွ၊

Myanmar Law Information System (MLIS)

ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံအမှတ် ၁ဖြင့်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ထံသို့ လျှောက်ထားရမည်။

၅။ ။ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာများကို စစ်ဆေးရန်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

(က) ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်၊

(ခ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဌာန၊

(ဂ) ရန်ကုန် တက္ကသိုလ်ဆေးပညာ မဟာဌာနမှူး၊

(ဃ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သမားတော်ကြီး၊

(င) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခွဲစိပ်ဘက်ဆိုင်ရာ ဆရာဝန်ကြီး၊

(စ) ရဲချုပ်၊ သို့တည်းမဟုတ် ရန်ကုန်ရဲမင်းကြီး၊ သို့တည်းမဟုတ် မီးရထားနှင့် စုံထောက်ဌာန ရဲမင်းကြီး၊

(ဆ) ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံး အုပ်ချုပ်ရေးအရာရှိ။

စစ်ဆေးရေးဘုတ်အဖွဲ့အစည်းဝေးအထမြောက်ရန်၊ ဘုတ်အဖွဲ့ဝင်လူကြီးအနည်းဆုံး ၃ ဦးတက်ရောက် ရမည်။

၆။ ။ စစ်ဆေးရေးဘုတ်အဖွဲ့က လျှောက်ထားသူ၏ အရည်အချင်းနှင့် စပ်လျဥ်း၍၊ ကြေနပ်မှုရှိခဲ့လျှင်၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်သည်၊ လျှောက်ထားသူ၏ အမည်နှင့် အခြားအကြောင်းအရာများကို ဆိုင်ရာဆရာဝန် အမည်စာရင်း၌ မှတ်ပုံတင်သွင်းရမည်။ အမည်စာရင်း၌ မှတ်ပုံတင်ရာတွင်၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်သည်၊ ဆရာဝန်အမည်စာရင်း ၂မျိုးကို၊ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံ အမှတ် ၂ နှင့် ပုံစံအမှတ် ၂-က အတိုင်းထားရှိရမည်။

၇။ ။ နည်းဥပဒေ ၆အရ၊ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းပြီးသည်နှင့်တပြိုင်နက်၊ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံအမှတ် ၃ နှင့်ပုံစံအမှတ် ၄ တို့ဖြင့် မှတ်ပုံတင်လက်မှတ် တစောင်နှင့် အိတ်ဆောင် မှတ်ပုံတင်လက်မှတ်တစောင်စီကို၊ လျှောက်ထားသူများအား ထုတ်ပေးရမည်။

၈။ ။ စစ်ဆေးရေးဘုတ်အဖွဲ့က လျှောက်ထားသူ အရည်အချင်းနှင့် စပ်လျဥ်း၍၊ ကြေနပ်မှုမရှိလျှင်သော် ၎င်း၊ လျှောက်ထားသူသည်၊ အကျင့်စာရိတ္တချို့ယွင်းသည့် သဘောသက်ရောက်သော ပြစ်မှုတခုခုအတွက် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်သော်၎င်း၊ ရူးသွပ်လျှင်သော်၎င်း၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဥ်း၍ မအပ်မရာ ကျင့်မိစ္ဆာပြုကျင့်ကြောင်း ယုတ္တိရှိသည့် အပြုအမူကို ကျူးလွန်လျှင်သော်၎င်း၊ လျှောက်ထား သူ၏ အမည် ကိုဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးစီးပွါးကို ထိခိုက်နစ်နာစေမည်ဟူ၍ဖြစ်စေ၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးစီးပွါးအတွက် တစုံတရာ ဖြစ်ထွန်းဘွယ်ရာမရှိဟူ၍ ဖြစ်စေ၊ ယုံကြည်လျှင်သော်၎င်း၊ ထိုလျှောက် ထားသူ၏အမည်ကို ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းရန် ငြင်းပယ်နိုင်သည်။

<ပြင်ဆင် 27.06.1963>

၉။ ။ ဤနည်းဥပဒေများအရ မှတ်ပုံတင်လက်မှတ် ရရှိပြီးသူများသည်၊ ၃ နှစ်လျှင်တကြိမ် ထပ်မံ ပြန်လည်မှတ်ပုံတင်ရန်၊ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံအမှတ် ၅ ဖြင့်၊ မှတ်ပုံတင် လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြားကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ထံသို့ လျှောက်ထားရမည်။

အမိန့်အရ၊

ထွန်းသောင်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊

ကျန်းမာရေးဌာန၊

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ။ ပုံစံအမှတ် ၁ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်လျှောက်လွှာပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံအမှတ် ၂ ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ်ရဆရာဝန်အမည်စာရင်းပေါင်းချုပ်။ (နည်းဥပဒေ ၆ ကိုကြည့်ပါ။)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံအမှတ် ၂-က ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်နောက်ကျ၍ ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ်ရရှိပြီး ကျန်းမာရေးဌာနမှ အသိအမှတ်ပြုသည့်ဆေးရုံကြီးတခုခုတွင် တနှစ်တာမျှလက်တွေ့မသင်ကြားရသေးသူ ဆရာဝန်အမည်စာရင်း။ (နည်းဥပဒေ ၆ ကိုကြည့်ပါ။)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံအမှတ် ၃ မှတ်ပုံတင်လက်မှတ်။ (နည်းဥပဒေ ၇ ကိုကြည့်ပါ။)

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံအမှတ် ၄ ဆရာဝန်များ မှတ်ပုံတင်လက်မှတ် (နည်းဥပဒေ ၇ ကိုကြည့်ပါ။)

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံအမှတ် ၅ ဆရာဝန်မှတ်ပုံတင်လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရန် လျှောက်လွှာပုံစံ။ (နည်းဥပဒေ ၉ ကိုကြည့်ပါ။)

Myanmar Law Information System (MLIS)